# Streaming Server(Unreal)

Unreal Server သည်လည်း Real Server ကဲ့သို့ပင် webcasting ဖြစ်သည်။ TV broadcasting နှင့်တူသည်။ **AVI, MPEG-1(VCD), MPEG-2(SVCD, DVD), MPA, WMV, WMA, ASF, MP3, QuickTime** (version 2 and lower) စသည့် File Type များအား broadcast ပြုလုပ်နိုင်သည်။

(၁) Live Broadcasting (Real Time)

(၂) Simulate Live Broadcasting

(၃) On_demand

စသည့် Streaming Service များပေးနိုင်သည်။

Server မှ broadcast လုပ်ရာတွင် 2/3 Secခန့် ကြာတတ်သည်။ Client မှ Interactive မရပါ။ Real Server တွင် Simulate Live Broadcasting အတွက် Umedia Server နှင့် Live Broadcasting အတွက် Ulive Server ကို install ပြုလုပ်ပေးရသည်။ Client အတွက် Streaming mediaplayer ကို install ပြုလုပ်ပေး ရသည်။

***Server* install ပြုလုပ်ခြင်း**

Umedia Server install ပြုလုပ်ပုံအဆင့်ဆင့်အားတင်ပြပါမည်။

Umedia Server packageအား install ပြုလုပ်ပေးရမည်။ Welcome to Screen ဖြင့် UMediaServer Setup ပေါ်လာပါမည်။ Next ကို Click လုပ်ရပါမည်။



ပေါ်လာသော Select installation Folder Screen တွင် install ပြုလုပ်မည့် Location အားရွေးချယ် ပေးနိုင်သည်။ Option box နှစ်ခုတွင် Everyone အားရွေးချယ်ပေးရမည်။ ယင်းနောက် Next အား Click လုပ်ရပါမည်။




ထိုအခါ install ပြုလုပ်ရန် အသင့်ဖြစ်ကြောင်း Confirm installation Screen ပေါ်လာပါမည်။ Next အား Click လုပ်ပါ။ installation စတင်ပြုလုပ်ပြီဖြစ်သည်။ install ပြုလုပ်၍ပြီးစီးပါက Close အား Click လုပ်ရမည်ဖြစ်သည်။ ထိုအခါ Simulate Live Broadcast ပြုလုပ်ရန်အတွက် UmediaServer အား install ပြုလုပ်၍ပြီးစီးသွားပြီဖြစ်သည်။

Livebroadcast ပြုလုပ်ရန်အတွက် Ulive Server အား install ထပ်မံပြုလုပ်ပေးရမည်။ Ulive Server အား install ပြုလုပ်ရန်အတွက် Ulive Server.msi package အား install ပြုလုပ်ရမည်။ Welcome to the Ulive Server Screen ပေါ်လာသောအခါ Next ကို Click လုပ်ပေးရမည်။




ထိုအခါ Select installation Folder Screen ပေါ်လာမည်။ Everyone ကိုရွေးချယ်ပြီး Next ကို Click လုပ်ရပါမည်။




ထိုအခါ Confirm installation Screen ပေါ်လာမည်။ Next အား Click ပေးပါ။ Install စတင်ပြုလုပ်မည် ဖြစ်သည်။ ပြီးပါက Close လုပ်ပါ။ အထက်ပါအဆင့် များပြုလုပ်ပြီးပါက ကွန်ပျူတာတွင် Streaming Server အား install ပြုလုပ်ပြီးစီးသွားပြီဖြစ်သည်။

***Server Setting***

ပထမဦးစွာ Simulate Live broadcast ပြုလုပ်ရန်အတွက် MediaServer Setting အား တင်ပြပါမည်။ Start All Programs Unreal Streaming Media Server Configurator အားဖွင့်ရပါမည်။ ထို့နောက် File New virtual Folder အားဖွင့်ရမည်။




Folder name နေရာတွင် Folder မိမိပေးလိုသည့် Folder name အားရိုက်ထည့်ရမည်။ ထို့နောက် Browse မှ မိမိ broadcast ပြုလုပ်မည့် Folder ၏ Location အားရွေးချယ်ပေးရမည်။ ပြီးလျှင် OK အား Click လုပ်ရမည်။




ထိုကဲ့သို့ New virtual Folder များဖြင့် Movie File များ Sound File များကို Server မှ Broadcast လုပ်နိုင်သည်။

Live broadcast ပြုလုပ်ရန် အတွက် Media Server Configurator တွင် File New Live broadcast ကိုဖွင့်ရမည်။ Live broadcast Alias တွင် အမည်တစ်ခုကို ရိုက်ထည့်ရမည်။ Live Source IP address and ID တွင် Text box ၌ Server စက် IP ကိုရိုက်ထည့်ပြီး ID နံပါတ်ကိုသတ်မှတ်ပေးရမည်။ ID နံပါတ်သည် ကွန်ပျူတာတွင်တပ်ဆင်ထားသော Camera အရေအတွက်ပင် ဖြစ်သည်။ စုစုပေါင်း Camera (၂၅) လုံးထိတပ်ဆင်အသုံးပြုနိုင်သည်။




ပြီးလျှင် Ok အား Click လုပ်ရပါမည်။ ထို့နောက် Start All Programs Unreal Streaming Live Server Configurator အားဖွင့်ပြီး File Add New Media Source လုပ်ရမည်။ ထိုအခါ Media Source Option ပေါ်လာလိမ့်မည်။ ၎င်း Option ရှိ Media Type တွင် Video, Audio Check box နှစ်ခုစလုံးကို ရွေးချယ်ရမည်။ မိမိ ကွန်ပျူတာတွင်လည်း Camera နှင့် Microphone တပ်ဆင်ထားရမည်။ Encoding option တွင် LAN(1500/56 Kbps) ကိုရွေးချယ်ရမည်။ ထို့နောက် Next အား Click လုပ်ရမည်။




Add video provider ပေါ်လာလိမ့်မည်။ Device Selection တွင် Camera ကို Select လုပ်ရမည်။ Frame Size တွင် မိမိထားလိုသည့် Frame Size ကိုရွေးချယ်ပေးနိုင်သည်။




ထို့နောက် Next ကို Click လုပ်ရပါမည်။ Add Video Transformer ပေါ်လာပါက Next ကို Click လုပ်ပါ။ Add audio provider ပေါ်လာမည်။ ၎င်းတွင် မိမိအသုံးပြုမည့် audio အမျိုးအစားအားရွေးချယ် Input တွင် Microphone အားရွေးချယ်ရမည်။




ထို့နောက် Next အား Click လုပ်ရပါမည်။ Provider description အားရိုက်ထည့်ပြီးလျှင် Finish ကို Click လုပ်ရပါမည်။ ဤအဆင့်ထိပြီးလျှင် Server ပိုင်းအနေဖြင့် ပြည့်စုံသွားပြီဖြစ်သည်။

***Client***

Client ပိုင်းအနေဖြင့်ဆက်လက်တင်ပြသွားပါမည်။ Client အနေဖြင့် Streaming Media Player ကို install ပြုလုပ်ပေးရမည်။ Welcome to Streaming Media Player Screen ပေါ်လာပါက Next အား Click လုပ်ရပါမည်။ Select installation Folder Screen တွင် Everyone ကို ရွေးချယ်၍ Next ကို Click လုပ်ရမည်။



Confirm installation Screen ပေါ်လာပါက Next ကို Click လုပ်ရမည်။ ထိုအခါ install စတင်ပြုလုပ်သွားမည် ဖြစ်သည်။ ပြီးပါက Close လုပ်ရမည်။

Client မှ Server သို့ ချိတ်ဆက်ရန်အတွက် Start All programs Unreal Streaming Streaming Media Player ကိုဖွင့်ရမည်။ ပြီးလျှင် Play Play remote file ကိုဖွင့်ရမည်။ Play remote file dialog box ပေါ်လာပါက Media Server IP address နေရာတွင် Server IP ကို ရိုက်ထည့်ရမည်။ Transport Protocol နေရာတွင် TCP ကိုရွေးချယ်ရမည်။ File Location on Media Server(virtual) နေရာတွင် Virtual Folder name နှင့် မိမိကြည့်လိုသည့် File name နှင့် File Type( **Virtual Folder name\File name.File type)** ကိုရိုက်ထည့်ရမည်။




ပြီးလျှင် OK ကို Click ပေးပါက Server မှ မိမိကြည့်လိုသည့်အကြောင်းအရာကို လွှင့်ထုတ်ပေးမည်ဖြစ်သည်။

မိမိကြည့်လိုသည့်အကြောင်းအရာကို Playlist လိုက်ကြည့်လိုပါက Streaming Media Player မှ Play Play remote playlist ပြုလုပ်ရမည်။ ထိုအခါပေါ်လာသော Play Remote Playlist dialog box တွင် Media Server IP address နေရာတွင် Server IP ကို ရိုက်ထည့်ရမည်။ Delivery method တွင် Unicast Transport Protocol နေရာတွင် TCP ကိုရွေးချယ်ရမည်။ Virtual Folder Name နေရာတွင် Virtual Folder အမည်ကိုထည့်ရမည်။

OK ကို Click လုပ်ပါက Media Server မှ မိမိတောင်းဆိုသည့် အတိုင်း အစဉ်လိုက်လွှင့်ထုတ်ပေး သွားမည် ဖြစ်သည်။




Live ကြည့်လိုပါက File Remote Live source ကိုဖွင့်ရမည်။ Media Server IP address နေရာတွင် Server IP ကို ရိုက်ထည့်ရမည်။ Delivery method တွင် Unicast Transport Protocol နေရာတွင် TCP ကိုရွေးချယ်ရမည်။ Direct Live Source Access IP and ID နေရာတွင် Server IP နှင့် Camera ၏ ID ကိုရွေးချယ်ပေးရမည်။ ထို့နောက် OK ကို Click လုပ်ရမည်။

